The Kumudra Weekly, 28 January 2005

# ကလေးသူငယ်ပြုစုပျိုးထောင်မှု ဆက်လက် အကောင်အထည်ဖော်မည်

၂၀၀၅ ခုနှစ်က မြန်မာနိုင်ငံတွင်း ကလေးသူငယ် ဉာဏ်ရည်ဖွံ့ဖြိုးမှုနဲ့ ပြုစုပျိုးထောင်ရေး ငါးနှစ်တာ စီမံချက်ကာလ နောက်ဆုံးနှစ်ဖြစ်တယ်လို့ ယူနီဆက်(မြန်မာ)က သိရတယ်။

၂၀၀၅ ခုနှစ်က စပြီးနောင်လာမယ့် စီမံချက်အသစ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ လက်ရှိစီမံချက် နယ်မြေတွေအပြင် နယ်မြေအသစ်နှစ်ခု ထပ်မံတိုးချဲ့နိုင်ဖို့ စီစဉ်နေပါတယ်လို့ ယူနီဆက် စီမံချက် အရာရှိဦးဝင်းအောင်က ပြောပါတယ်။



Early Childhood Care for Development Network Project (ECCD) စီမံချက်ကို လက်ရှိ စီမံချက် နယ်မြေတွေဖြစ်တဲ့ ရန်ကုန်တိုင်း ငါးမြို့နယ်မှာ ဆောင်ရွက်နေတယ်။ မြောက်ဥက္ကလာ၊ သာကေတ၊ ဒေါပုံ၊ လှိုင်သာယာနဲ့ ကြည့်မြင်တိုင် တစ်ဖက်ကမ်းနယ်မြေတွေမှာပါ။

ကလေးသူငယ် ပြုစုပျိုးထောင်ရေးကို အဓိကထားပြီး ငါးနှစ်အောက် ကလေးတွေ ဉာဏ်ရည်ဖွံ့ဖြိုးမှုနဲ့ ဖြည့်စွက်အာဟာရဖြည့်တင်းရေးအတွက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာ့တန်ဆောင်အဖွဲ့နဲ့ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်တာ ဖြစ်တယ်။

စီမံချက်အတွင်း ခုနစ်နှစ်က ငါးနှစ်အထိ ကလေးငယ်တွေကို မူကြိုတန်းအဖြစ် ECCD Centre တွေ အခြေခံစာသင်ကျောင်းတွေမှာ ဖွင့်လှစ်ပေးတယ်။ ခြောက်လက သုံးနှစ်အထိ ကလေးငယ်တွေကို ရပ်ကွက်အတွင်း မိခင်ဝိုင်း (mother circle) တွေမှာ ပြုစုပျိုးထောင်ပေးနေတာ ဖြစ်ပါတယ်။



မူကြိုတန်းတွေကို စီမံချက်နယ်မြေ ငါးခုမှာ ၅၁ ကျောင်း ဖွင့်လှစ်ပေးထားတယ်။ ကလေးငယ်တွေကို ပညာရေး ဝန်ကြီးဌာနနဲ့ ယူနီဆက်တို့က ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး သင်တန်းပေးထားတဲ့ ပညာတန်ဆောင်အဖွဲ့ စေတနာ့ဝန်ထမ်းတွေက ပြုစုပျိုးထောင်ပေးပါတယ်။

မိခင်ဝိုင်းတွေကို ကျောင်းတစ်ကျောင်းနယ်မြေမှာ ၁၀ ဝိုင်း ဖွင့်လှစ်ပေးထားတယ်။ ရပ်ရွာအခြေပြု ကလေးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်းဖြစ်တဲ့အတွက် မိခင်တစ်ဦးရဲ့ နေအိမ်မှာပဲ ပြုစုစောင့်ရှောက်တာဖြစ်ပါတယ်။ လူမှုရေးစိတ်ဓာတ်ရှိပြီး အခြေခံပညာအထက်တန်းအဆင့်တတ်မြောက်ထားတဲ့ ပြုစုပျိုးထောင်ပေးသူ မိခင် ဖြစ်ပါတယ်။

ကလေးငယ်တွေဟာ ရပ်ရွာအတွင်း မိဘမဲ့ကလေး၊ မိဘ မစုံလင်တဲ့ ကလေးနဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေဖြစ်ကြတယ်။ အာဟာရ လုံလောက်မှု မရှိဘဲ ဖွံ့ဖြိုးမှု နောက်ကျနိုင်တဲ့ အတွက် ယူနီဆက် အနေနဲ့ ကလေးတွေအတွက် လိုအပ်တဲ့ ကယ်လိုရီ၊ အာဟာရဓာတ်တွေ ဖြည့်တင်းနိုင်ဖို့ ဖြည့်စွက် အာဟာရ တိုက်ကျွေးခြင်း၊ လုပ်ငန်းကို အဓိက လုပ်ဆောင်ပေးတယ်။ ဗီတာမင်အေ တိုက်ကျွေးတယ်။ ခြောက်လ တစ်ကြိမ် သန်ချဆေး တိုက်ကျွေးတယ်။ ပုံမှန်ကိုယ်အလေးချိန်နဲ့ အရပ်ကြီးထွားဖွံ့ဖြိုးမှုကို တိုင်းတာပြီး စောင့်ကြည့်လေ့လာတဲ့ လုပ်ငန်းတွေကို အဓိက လုပ်ဆောင်ကြတယ်။ ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှုနဲ့ တီထွင်ကြံဆတွေးခေါ် လုပ်ဆောင်နိုင်ဖို့ သင်ထောက်ကူပစ္စည်းတွေနဲ့ ကစားနည်းမျိုးစုံကို ကစားစေပါတယ်။ ခန္ဓာကိုယ် သန့်စွမ်း ကျန်းမာလာအောင်၊ လက်ချောင်းလေးတွေ သန်မာလာအောင်နဲ့ ကလေးငယ်အချင်းချင်းကစားနည်းမျိုးစုံကို ပူးပေါင်းကစားခိုင်းပါတယ်။

မူကြိုတန်းကလေးတွေကို ငယ်စဉ်ကလေးဘဝမှာ သင်ကြားနိုင်တဲ့ အခွင့်အလမ်းရှိအောင် လေ့လာသင်ကြားပေးတယ်။ မိခင်ဝိုင်းကလေးတွေကိုတော့ အာဟာရ တိုက်ကျွေးခြင်းကို အဓိက လုပ်ဆောင်ပေးတယ်။

မိခင်ဝိုင်းတွေရဲ့ လိုအပ်ချက်ကို အခြေခံ စာသင်ကျောင်း မူကြိုတန်း (ECCD Centre) တွေက ပူးပေါင်းဆောင်ရွက် အကောင်အထည် ဖော်ပေးနေပါတယ်။ ၂၀၀၁ မှ ၂၀၀၅ ခုနှစ်အထိ နှစ်စဉ် မူကြိုတန်း ကလေးငယ် ၂၅၅၀ ကို လက်ခံ ပြုစုပျိုးထောင်ပေးပြီး မိခင်ဝိုင်း ၈၅၅ ဝိုင်းကျော်ကိုလည်း ဖွင့်လှစ်ပြီး ကလေး ၈၅၅၀ ကို ပြုစုပျိုးထောင်ပေးနေပါတယ်။

စီမံချက်အတွက် ယူနီဆက်(မြန်မာ)က နည်းပညာပိုင်းဆိုင်ရာ သင်တန်း သင်ကြားပေးမှု၊ ဖြည့်စွက် အာဟာရ တိုက်ကျွေးနိုင်ရန် ပံ့ပိုးကူညီမှု၊ ဆေးဝါးတိုက်ကျွေးမှု၊ ကစားနည်းများအတွက် လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေပံ့ပိုးမှုကို ဆောင်ရွက်ပေးတယ်။

၂၀၀၁ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်ထိ ငါးနှစ်စီမံချက်ကာလအတွင်း ကလေးသူငယ် ပြုစုပျိုးထောင်ရေးနဲ့ ပတ်သက်ပြီး ဘက်စုံလိုအပ်ချက်တွေကို အရှိန်အဟုန်နဲ့ ဖြည့်ဆည်းပံ့ပိုးပေးပြီး နိုင်ငံတကာ အလှူရှင်တွေရဲ့ ရန်ပုံငွေပေါ် မူတည်ပြီး မြန်မာနိုင်ငံတွင်း စီမံချက် နယ်မြေတွေကို ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ E/ECD section project officer ဦးဝင်းအောင်က ပြောပါတယ်။ **ဆုမွန်အေး**